Message Five

အသက်ရှင်သောကျောက်များနှင့် သိုးများ

ဖတ်ရန်ကျမ်း။ ။ ၁ပေ၂း၄-၅။ ဇာ၂း၉။ ၄း၁၀။
ယော၁၀း၁၁-၁၆။ ယေဇ၃၃း၁၁-၃၁

I. ယုံကြည်သူများသည် အသက်ရှင်သောကျောက်များအားဖြင့် ပုံဆောင်ထားပြီး၊ သူတို့သည် ဘုရားသခင်၏ဝိညာဉ်ဆိုင်ရာအိမ်တော်ဖြစ်ရန် ခရစ်တော်၏ ကျောက်သဘောသဘာဝဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခံရသူများဖြစ်သည် - ၁ပေ၂း၄-၅။

A. ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် အသစ်မွေးဖွားခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှတစ်ဆင့် ခရစ်တော် နည်းတူ အသက်ရှင်သောကျောက်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် မြေမှုန့်ဖြင့် ဖန်ဆင်းခံရသည် (ရော၊၉း၂၁)၊ သို့သော် အသစ်မွေးဖွားခြင်း၌ ဘုရားဆိုင်ရာအသက်၏ မျိုးစေ့ကို ကျွန်ုပ်တို့လက်ခံရရှိကာ (၁ပေ၊၁း၂၃-၂၄)၊ ၎င်းသည် ကျွန်ုပ်တို့၌ ကြီးထွားလာခြင်းအားဖြင့် ကျွန်ုပ်တို့ကို အသက်ရှင်သောကျောက်များအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲပေးသည်။

1. ပေတရုပြောင်းလဲလာချိန်၌ သခင်ဘုရားက သူ့ကို အမည်သစ် - ပေတရု- ကျောက် (ယော၊၁း၄၂) ဟု အမည်ပေးခဲ့ပြီး၊ ပေတရုက ခရစ်တော်နှင့်စပ်လျဉ်း၍ ဖွင့်ပြခြင်းကို ရရှိသောအခါ၊ သခင်ဘုရားက ကိုယ်တော်သည် ကျောက်ဆောင် - ကျောက်ဖြစ်ကြောင်း (မ၊၁၆း၁၆-၁၈) ထပ်တိုး၍ ဖွင့်ပြခဲ့သည်။
2. ဤဖြစ်ရပ်နှစ်ခုအားဖြင့် ပေတရုသည် ခရစ်တော်နှင့် ကိုယ်တော်၏ယုံကြည်သူများမှာ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ကျောက်များဖြစ်ကြောင်း စွဲမှတ်ခြင်း ရရှိခဲ့သည် - ၁ပေ၂း၄-၅။

B. ခရစ်တော်သည် ဘုရားသခင့်တည်ဆောက်ခြင်း၏ အသက်ရှင်သောကျောက်၊ တိုက်မြစ်ကျောက်၊ တိုက်ထောင့်ကျောက်နှင့် အထွတ်ကျောက် ဖြစ်သည်။ ဘုရားသခင်၏မွေးဖွားခံရပြီးနောက် ခရစ်တော်၌ ယုံကြည်သူများသည် ဘုရားသခင်၏ဝိညာဉ်ဆိုင်ရာအိမ်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် အသက်ရှင်သော အဖိုးတန်ကျောက်များအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲလာကြသည် - အငယ်၊၄။ ၁ကော၊၃း၁၁။ ဟေရာ၊၂၈း၁၆။ တ၊၄း၁၁။ ဇာ၊၄း၇။ ယော၊၁း၁၂-၁၃၊ ၄၂။ ၁ပေ၊၂း၅-၇။ ၁ကော၊၃း၁၂။ မ၊၁၆း၁၈။

C. ကျောက်အဖြစ် ခရစ်တော်သည် မျက်စိခုနစ်လုံးရှိပြီး၊ ယင်းမှာ ဘုရားသခင်၏ဝိညာဉ်တော် ခုနစ်ပါး၊ အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်ကို ရည်ညွှန်းသည် (ဇာ၊၃း၉။ ၄း၁၀)။ အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်ကို သိုးသငယ်၏ မျက်စိခုနစ်လုံး (ဗျာ၊၅း၆) နှင့် ဘုရားသခင့်ပလ္လင်တော်ရှေ့မှာ တောက်လောင်နေသော မီးခွက်ခုနစ်လုံးတို့အားဖြင့် (၄း၅) ပုံဆောင်ထားသည်။

1. မီးခွက်များသည် အလင်းပေးခြင်း၊ ရှာဖွေစစ်ဆေးခြင်း၊ ဖော်ထုတ်ခြင်း၊ စီရင်ခြင်းနှင့် လောင်ကျွမ်းခြင်းအတွက် ဖြစ်ပြီး၊ မျက်စိများမှာ ဖြည့်သွင်းပေးခြင်းအတွက် ဖြစ်သည်။ မျက်စိခုနစ်လုံးသည် သိုးသငယ်-ကျောက် ဖြစ်တော်မူသမျှ အားလုံးတို့ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဖြည့်သွင်းကာ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ရွေမီးခုံတိုင် ဖြစ်စေသည် - ဇာ၊ ၄း၂-၆၊ ၁၁-၁၄။
2. ကျွန်ုပ်တို့ အသက်ရှင်သောကျောက်များဖြစ်လာရန် နည်းလမ်းမှာ ကိုယ်တော်ထံသို့ လာ၍၊ ကိုယ်တော်အားဖြင့် မြင်ခြင်းခံရရန်ပင် ဖြစ်သည်။ သခင်ဘုရားက ကျွန်ုပ်တို့ကို အလင်းပေးခြင်းနှင့် စီရင်ခြင်း ရှိသည့်အလျောက်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကြည့်ရှု၍၊ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဖြည့်ပေးလျက် ကိုယ်တော်၏ပုံသဏ္ဌာန်တော်အထဲသို့ ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲစေသည်။ ကျွန်ုပ်တို့အားလုံးသည် မီးခွက်ခုနစ်လုံး၏ အလင်းထွန်းလင်းပေးခြင်းအောက်တွင် ရှိ၍၊ မျက်စိခုနစ်လုံးကို ကြည့်ရှုကာ၊ အရှိန်ခုနစ်ဆမြှင့်တင်ထားသည့် ဝိညာဉ်တော်၏ အသက်ဖြည့်ပေးခြင်းအောက်တွင် ရှိရန် လိုအပ်သည်။
3. ဘုရားသခင့်ကျေးဇူးတော်၏ အသက်ရှင်သောကျောက်အဖြစ် ခရစ်တော်သည် ကိုယ်တော်ကို ကျွန်ုပ်တို့ အတွင်းကျကျ တွေ့ကြုံခံစားခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းရှိသောအခါ၊ ကိုယ်တော်သည် ဘုရား

သခင်၏ တည်ဆောက်ခြင်း၌ ကျွန်ုပ်တို့ကို တိုင်ဖြစ်စေရန် ကျွန်ုပ်တို့၏ နားခိုခြင်းအတွက် ခေါင်းအုံးဖြစ်လာသည် - က၊ ၂၈း၁၁-၁၂၊ ၁၇-၁၉က။ ဇာ၊၄း၇။ မ၊၁၁း၂၈-၃၀။ ယော၊၁း၁၆-၁၇၊ ၅၁။

D. နောက်ဆုံးတွင် စုပေါင်းထားသော ခရစ်တော်၊ ကိုယ်တော်၏အောင်မြင်သော သတို့သမီးနှင့်အတူရှိသော ခရစ်တော်သည် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာရန် လူသားအစိုးရစုစုပေါင်းကို ရိုက်ချိုးဖျက်ဆီးမည့် ကျောက်အဖြစ် ကြွလာလိမ့်မည်ဖြစ်သည် - ဒံ၂း၃၄-၃၅။ ယောလ၁း၁၁။ ဗျာ၁၉း၁၁-၂၁။ ညွှန်း၊ က၁း၂၆။

1. ခရစ်တော်၏ခံတွင်းတော်ထဲက ထက်သောသန်လျက်ဓား ထွက်လာပြီး၊ ၎င်းဖြင့် ကိုယ်တော်သည် လူမျိုးတို့ကို ရိုက်ချိုးမည်ဖြစ်သည် - ဗျာ၁၉း၁၅က။ ညွှန်း၊ ၁း၁၆။ ၂း၁၂၊ ၁၆။
2. စုပေါင်းထားသော ရိုက်ချိုးသည့်ကျောက်၊ ကိုယ်တော်၏ စုပေါင်းထားသော စစ်သူရဲ-အောင်မြင်သောသူ ဖြစ်လာရန် ခရစ်တော်နှင့် စေ့စပ်ထုံးဖွဲ့ခြင်းနှင့် ရောနှောပေါင်းခြင်း ရှိဖို့အလို့ငှာ ကျွန်ုပ်တို့သည် ရန်သူကို ဆက်ဆံဖြေရှင်းသည့် သေစေသော နှူတ်ကပတ်စကားကို လိုအပ်သည်။ ကျွန်ုပ်တို့သည် သေစေသောလက်နက်အဖြစ် သန်လျက်ဓားကို တွေ့ကြုံခံစားရန် နှူတ်ကပတ်တော်ကို ဆုတောင်းဖတ်သင့်ပါသည် - ဧ၊၆း၁၇-၁၈။

II. ယုံကြည်သူများသည် သိုးများအားဖြင့် ပုံဆောင်ထားပြီး၊ သူတို့သည် ခရစ်တော်၏ အသက်ဆိုင်ရာ ထိန်းကျောင်းခြင်းအောက်တွင် ရှိကြသူများဖြစ်သည် - ယော၊၁၀း၁၁-၁၆။ ဆာ၊၂၃း၁။ မ၊၉း၃၆။ ဟေဗြ၊၁၃း၂၀။

A. သခင်ဘုရားကိုယ်တော်တိုင်သည် ကိုယ်တော်၏သိုးများကို ရှာရန်၊ ရှာဖွေခေါ်ထုတ်လာရန် သိုးထိန်းအဖြစ် ကြွလာခဲ့သည် - ယေဇ၊၃၄း၁၁-၃၁။ လု၊၁၅း၃-၇။ ဗျာ၊၇း၁၇။ ယော၊၂း၁၅-၁၇။ ၁ပေ၊၂း၂၅။ ၅း၃-၄။

B. သခင်ဘုရားသည် ကိုယ်တော်၏သိုးများကို သူတို့နေရင်း မြေသို့၊ မြင့်သော တောင်များသို့ ခေါ်ဆောင်တော်မူသည်။ မြေသည် ကောင်းသောမြေ ခါနာန်ပြည်အဖြစ် ခရစ်တော်ကို ပုံဆောင်ပြီး၊ မြင့်သောတောင်များသည် ရှင်ပြန်ထမြောက်သော၊ တက်ကြွခဲ့သော ခရစ်တော်ကို ပုံဆောင်သည် - ယေဇ၊၂၄း၁၃-၁၄။ ကော၊၁း၂။

C. သခင်ဘုရားသည် ကိုယ်တော်၏သိုးများကို အသက်ပေးသောဝိညာဉ်တော်ကို ပုံဆောင်သော စမ်းချောင်းများသို့ ခေါ်ဆောင်ပြီး၊ ကိုယ်တော်၏သိုးစုကို စမ်းချောင်းများအနားမှာ ကျွေးမွေးတော်မူသည်၊ ယင်းမှာ ယုံကြည်သူများကို ကိုယ်တော်၏ ကြွယ်ဝခြင်းများဖြင့် ကျွေးမွေးခြင်းအား ပုံဆောင်သည် - ယေဇ၊၃၄း၁၃။ ဗျာ၊၂၂း၁-၂က။ ၁ကော၊၁၂း၁၃။ ဆာ၊၃၆း၈။

D. သခင်ဘုရားသည် ကိုယ်တော်၏သိုးများကို ကျွန်ုပ်တို့၏အသက်မစရာအဖြစ် ခရစ်တော်ကို ပုံဆောင်သည့် ကောင်းသော၊ ကြွယ်ဝသော စားကျက်မြေသို့ ပြန်လည်ခေါ်ဆောင်ပြီး၊ သူတို့ကို လဲလျောင်းစေသည်၊ ယင်းမှာ ကိုယ်တော်က သူတို့ကို အတွင်းပိုင်း နားခိုခြင်းပေးကြောင်း ညွှန်ပြသည် - ယေဇ၊၃၄း၁၄-၁၅။ ဆာ၊၂၃း၂။ ယော၊၁၀း၉။ မ၊၁၁း၂၈-၃၀။

E. သခင်ဘုရားသည် ကျိုးပဲ့သောသူကို အဝတ်နှင့်စည်းပေး၍၊ ဖျားနာသူကို ခွန်အားဖြည့်ပေးသည်။ ကိုယ်တော်၏ ပြုစုယုယခြင်းနှင့် ကျွေးမွေးခြင်းမှတစ်ဆင့် ကိုယ်တော်က အားနည်းသောသိုးမှန်သမျှကို စစ်ပွဲ၌ ဘုန်းအသရေကိုဆောင်သော မြင်းဖြစ်လာစေသည် - ယေဇ၊၃၄း၁၆က။ ဇာ၊၁၀း၃။ ၁၁း၇။

F. သခင်ဘုရားသည် ဖြောင့်မတ်သော တရားစီရင်ခြင်းကို စီရင်ဆောင်ရွက်တော်မူပြီး၊ ဘုရားသခင်၏ ပြန်လည်ရယူခံရသော လူများအလယ်ရှိ မဖြောင့်မတ်သောအရာ ရှိသမျှအားလုံးကို ရှင်းလင်းပေးသည်။ ကျွန်ုပ်တို့ကို ကျွေးမွေးသော၊ ကျွန်ုပ်တို့ကို မစသောအရှင်က ကျွန်ုပ်တို့အား အခြားသူများနှင့် ကျွန်ုပ်တို့၏ဆက်နွယ်မှုနှင့်စပ်လျဉ်း၍ မှန်ကန်သည့် အာရုံခံစားမှု ရရှိရန် ဖြစ်စေသည်။ ကျွန်ုပ်တို့၌ ထိုသို့သော အာရုံခံစားမှုရှိသောအခါ ကျွန်ုပ်တို့ မိမိကိုယ်ကို စီရင်ခြင်းပြုကြပြီး၊ ရလဒ်အနေဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းသူများနှင့်အတူ သိုးစုတစ်စုတည်းအဖြစ် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းကို ရရှိကြသည် - ယေဇ၊၃၄း၁၇-၂၂။ ကော၊၃း၁၅။

G. စစ်မှန်သော ဒါဝိဒ်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့ကို ကျွေးမွေးရန်နှင့် ကျွန်ုပ်တို့ကို ပြည့်ဝစေ၍ ကျေနပ်ခြင်းရှိစေရန် သိုးထိန်းအဖြစ် တည်စေခြင်းခံရသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဂရုစိုက်ပေးပြီး၊ ကျွန်ုပ်တို့၏ပြဿနာများနှင့် တာဝန်ဝတ္တရားများအပါအဝင် ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ သွင်ပြင်တိုင်းကို ဂရုစိုက်ပေးသည်။ ကျွန်ုပ်တို့၏သိုးထိန်းအဖြစ် သခင်

ဘုရားက ကျွန်ုပ်တို့ကို ဂရုစိုက်ခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏ရှင်ဘုရင်အဖြစ် ဝန်ခံကြပြီး၊ ကိုယ်တော်၏ ဘုရင်အရိုက်အရာအောက်သို့ ရောက်လာကြသည် - ယေဇ၊၃၄း၂၃။ ဆာ၊၂၃။ ဗျာ၊၇း၁၇။ ၂း၁-၂က။

H. ကျွန်ုပ်တို့သည် သခင်ဘုရား၏ထိန်းကျောင်းခြင်းကို တွေ့ကြုံခံစား၍ ကိုယ်တော်၏ ဘုရင်အရိုက်အရာအောက်တွင် ကျန်ရှိနေသည်နှင့်အမျှ ကိုယ်တော်၏ စိတ်ချရသော၊ မပြောင်းလဲသော ငြိမ်သက်ခြင်း ပဋိညာဉ်တရားကို မွေ့လျော်ဝမ်းမြောက်ကြရကာ၊ ဝိညာဉ်ရေးရာ ဒုက္ခပြဿနာများနှင့် နှောင့်ယှက်မှုများကို မခံစားကြတော့ပေ - ယေဇ၊၃၇း၂၄-၂၈။

1. ကိုယ်တော်၏ထိန်းကျောင်းခြင်းအောက်၌ ဆိုးညစ်သော သားရဲများ၊ ဆိုးညစ်သောလူများ အားလုံးသည် သခင်ဘုရား၏ပြန်လည်ရယူခံရသောလူများထံမှ ဖယ်ရှားပေးခြင်း ခံရလေသည် - ၃၄း၂၅က။ ညွှန်း၊ တ၊၂၀း၂၈-၂၉။ ဖိ၊၃း၂-၃။
2. သခင်ဘုရားသည် ကျွန်ုပ်တို့၏ထမ်းပိုးကို ချိုးပြီး၊ ကျွန်ခံရာမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေကာ၊ ကျွန်ုပ်တို့သည် ရန်သူအဖို့ သားကောင်မဟုတ်ဘဲ၊ ငြိမ်သက်ခြင်းနှင့် လုံခြုံခြင်း၌ နေရလိမ့်မည်ဟု ကတိပေးထားသည် - ယေဇ၊၃၄း၂၅၁၊ ၂၇ခ-၂၈။

I. သခင်ဘုရား၏ ထိန်းကျောင်းခြင်းကို တွေ့ကြုံခံစားခြင်းမှတစ်ဆင့် ဘုရားသခင်၏ ပြန်လည်ရယူခံရသောလူများသည် ဘုရားသခင်၏ မျက်မှောက်တော် ရှိကာ၊ ဘုရားသခင်သည် သူတို့အလယ်၌၊ သူတို့သည် ဘုရားသခင့်ရှေ့တော်၌ ရှိကြသည်။ ဤအရာက ဘုရားနှင့်လူ ရောနှောပေါင်းစည်းခြင်း၌ ဘုရားသခင်နှင့်အတူ စုံလင်သော မိတ်သဟာယဖွဲ့ခြင်း - တစ်လုံးတစ်ဝဖြစ်ခြင်း၌ မိတ်သဟာယဖွဲ့ခြင်း - ကို ဖော်ပြပြီး၊ ၎င်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်၍ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝ ဖြစ်ခြင်း ရှိနေသည် - အင်ယ၊၃၀-၃၁။

J. ကိုယ်တော်၏ထိန်းကျောင်းခြင်းမှတစ်ဆင့် သခင်ဘုရားသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ကောင်းချီးမင်္ဂလာကို မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ခေါ်ဆောင်၍၊ ကောင်းချီးမင်္ဂလာမိုးရေအောက်ရှိ ကောင်းချီးမင်္ဂလာ၏ အရင်းအမြစ် ဖြစ်လာစေသည် - အင်ယ၊၂၆-၂၇က၊ ၂၉။ က၊၁၂း၂-၃။ ရော၊၁၅း၂၉။ ၂ကော၊၁း၁၂၊ ၁၅။ ဇာ၊၁၀း၁။

1. စာရင်းတော်ဝင် ၆း၂၃-၂၇ ရှိ ကောင်းချီးမင်္ဂလာသည် ၂ကောရိန္သ၊ ၁၃း၁၄ ၌ကဲ့သို့ပင် သုံးပါးတစ်ပါးဘုရား၏ ထာဝရကောင်းချီးမင်္ဂလာဖြစ်ပြီး၊ ယင်းမှာ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကိုယ်တော်၏ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်းကို ကျွန်ုပ်တို့အထဲသို့ ဝင်ဖြန့်ဖြူးပေးသည်။
2. သခင်ဘုရား၏ကောင်းချီးမင်္ဂလာကို လက်ခံရရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်ပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်း၏ လက်တွေ့လုပ်ဆောင်မှုမှာ သဘောတစ်ညီတစ်ညွတ်ဖြစ်ခြင်း ဖြစ်သည် - ဆာ၊၁၃၃။ ဧ၊၄း၃-၄က။ တ၊၁း၁၄။ ၂း၄၆။ ရော၊၁၅း၅-၆။

© 2026 Living Stream Ministry